ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝင်(ခဓမပဒ-၁၂၂)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် သောကြာနေ့။ Friday, 29 May 2026 ၁၂၀၉၃

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံ့အနာဂတ်လှုပဖို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့"

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့အပြင် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့ပြင် အထင်ကရ အခြေခံအဆောက်အအုံ စီမံကိန်းများကိုလည်း လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ



အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်သည့်အခြေအနေ

နေပြည်တော် မေ ၂၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်သည့်ရက်များ ပြပုံ။

ယနေ့ ဖတ်စရာ

ယာဉ်အို / ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုး လျှပ်စစ်သုံးယာဉ်များ တင်သွင်းရေး အသိပေးကြေညာချက်
စာမျက်နှာ » ၂

မြန်မာနိုင်ငံတော်ပဟိုဘဏ်နှင့် ဘင်္ဂလားရှစ်သမ္မတနိုင်ငံ ပဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး
စာမျက်နှာ » ၃

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ (၂၀၂၆) အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး
စာမျက်နှာ » ၈

နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို မေ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ကာကွယ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရသစ်စတင်တာဝန်ယူခဲ့သည့်အချိန်တွင် ရက်ပေါင်း ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးခြင်းများကို ဆောင်ရွက်သွားနိုင်ရေးအတွက် ဖိတ်ခေါ်ခဲ့ပြီး လက်ရှိအချိန်၌ EAO အဖွဲ့အချို့နှင့် အောက်ခြေအဆင့်တွင် ထိတွေ့မှုများ ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရက ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မည်သို့ပင် ဖိတ်ခေါ်ကမ်းလှမ်းနေသည်ဖြစ်စေ လက်နက်ကိုင်အဖွဲ့များက ယုံကြည်ချက်၊ ခံယူချက်ရှိစွာဖြင့် အမှန်တကယ် ငြိမ်းချမ်းရေးရယူလိုစိတ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လိုစိတ်ရှိရန် လိုအပ်မည်ဖြစ်သည်။ အဆိုပါ စိတ်ထားများ မရှိသမျှကာလပတ်လုံး ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေမည်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲခံမဲသမားမှုများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များအပေါ် ကျေနပ်လက်ခံခြင်းမရှိသောကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခြေအနေသို့ရောက်ရှိလာခြင်းသည် တွေးခေါ်ဆင်ခြင်တုံတရားကို မြှင့်တင်ပေးသည့် မြန်မာနိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ပညာရေးကို ပြုပြင်ပြောင်းလဲမှုများ ဖြစ်မနေလုပ်ဆောင်ရမည်ဟု နိုင်ငံတော်အကြီးအကဲက အကြိမ်များစွာ တိုက်တွန်းပြောဆိုလျက်ရှိသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရန် လိုမည်ဖြစ်သဖြင့် ယခုလာမည့် ငါးနှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မျှော်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဒေသအကျိုး၊ ပြည်ထောင်စုအကျိုးကို အမှန်တကယ်လိုလားသည်ဆိုပါက ငြိမ်းချမ်းရေးလမ်းတွင် ပါဝင်လျှောက်လှမ်းကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးအရ ဒီမိုကရေစီစနစ်ကို ခိုင်မိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဖက်ဒရယ်ဟုဆိုရာတွင် နယ်မြေဒေသကိုပေးသည့် ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကို သဘောပေါက်နားလည်ထားရမည်ဖြစ်သည်။

အမျိုးသားရေးတွင် တိုင်းပြည်သာယာဝပြောရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်စေရေး၊ လုပ်တတ်ကိုင်တတ်ဖြစ်စေရေးတို့ကို ဖန်တီးပေးရမည်ဖြစ်သည်။ ဗဟိုအစိုးရက ဖန်တီးဖော်ဆောင်ပေးနေမှုများရှိသလို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များအလိုက် ဖော်ဆောင်ပေးနေသည်များလည်းရှိသည်။ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် ဒေသအလိုက် ဝင်ငွေများကောင်းလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာကာ နိုင်ငံတော်အပေါ်တွင် ယုံကြည်မှုရှိလာမည်ဖြစ်သည်။ ထိုသို့ အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လိုသဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် လုံခြုံရေးပိုင်းဆိုင်ရာတို့ကို ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသော နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအခြေအနေများအပေါ် သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအခြေအနေများ ဆောင်ရွက်နိုင်ရန်အတွက် အမြင်ကျယ်ကျယ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်၊ တွေးခေါ်ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာပါမှ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံဂုဏ်သိက္ခာ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေး၊ ထာဝရငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသည့်သမိုင်းကြောင်း၊ ခေတ်စနစ်များအပေါ် သင်ခန်းစာဖော်ထုတ်ပြီး အားနည်းချက်များကိုပြုပြင်၍ ပိုမိုတိုးတက်ကောင်းမွန်သည့် နိုင်ငံတော်ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ယာဉ်အို / ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုး လျှပ်စစ်သုံးယာဉ်များ တင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များ ထုတ်လုပ်ခဲ့သည့်ခုနှစ် ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသော မော်တော်ယာဉ်များသည် စက်သုံးဆီပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြွိန်ပိုမှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ ယာဉ်မှပိုမိုထွက်သော မီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်း တို့ကိုဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြင်ဆင်၍မရနိုင်သည့် ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်း နှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရအပ်နှံလိုသည့် ယာဉ်များအား အပ်နှံယာဉ်၏ တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ် (EV) ယာဉ်များအား အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အို/ယာဉ်ဟောင်း အပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ဖျက်သိမ်းယာဉ်ထောက်ခံချက်ပုံစံ (ဃ) တင်ပြပါက အပ်နှံသည့် ယာဉ်အမျိုးအစားအလိုက် သင့်လျော်သော လျှပ်စစ်သုံးယာဉ် (EV) တစ်စီးအား အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက စိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့်နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သင့်တင့်သော စျေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၂)မှ အဆင့် (၁) သို့ လျော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတု ဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလ အခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁)မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ - ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

၂၈ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌေ၊ နိုင်လင်းကြည်	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီး ထိုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းသည် ဂုဏ်ခန့် ပြည်နှစ် ရွေးကောက်ပွဲမဲမသမာမှု ကိစ္စကိုအကြောင်းပြုပြီး မကျေလည်မှုများဖြစ်ခဲ့ကြ၍ ပြည်တွင်းဆူပူမှုများဖြစ်ခဲ့ပြီး ရဟန်းရှင်လူပြည်သူအများအပြား၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် ငါးနှစ်တာ ကာလအတွင်းတွင်လည်း မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့် မန္တလေးမြေငလျင်ကြီး ကဲ့သို့သောသဘာဝဘေးအန္တရာယ်များလည်း ပြင်းထန်စွာခံစားခဲ့ရကြောင်း၊ ထိုသို့ခက်ခဲသောကာလအတွင်းတွင် ၂၀၂၅ ခုနှစ်၌ ရွေးကောက်ပွဲများကို အပိုင်း ၃ ပိုင်းဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

အဆိုပါ ရွေးကောက်ပွဲမှ ပြည်သူလူထု ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ လွှတ်တော်သည် ဥပဒေပြုရေးကို အဓိက လုပ်ဆောင်ရကြောင်း၊ အစိုးရအနေဖြင့် ရက် ၁၀၀ စီမံကိန်း ချမှတ်ပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့ ဥပဒေပြုရေးလုပ်ငန်း၏ အဓိကတာဝန်သည် ဥပဒေအကာအကွယ်အောက်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး၊ တည်ဆဲဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အသစ်ပြန်လည် ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေ မူကြမ်း ရေးဆွဲထားပြီးဖြစ်၍ လာမည့် လွှတ်တော်အစည်းအဝေးများတွင် အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေးဥပဒေ မူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်သည် အစိုးရနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူကို ကိုယ်စားပြု၍ ပြည်သူတို့၏ အခက်အခဲ၊ ပြည်သူတို့၏ဆန္ဒများကို လွှတ်တော်မှတစ်ဆင့် အစိုးရထံပေးပို့ရပြီး အစိုးရနှင့် ပြည်သူကြား ပေါင်းကူးဆောင်ရွက်ပေးရကြောင်း၊ အဆွေတော်အနေဖြင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ယာယီညှိနှိုင်းရေးမှူးက ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများကို လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီများဘေးကင်း လုံခြုံစွာဖြင့် အဟန့်အတားမရှိ ပေးဝေနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် မြို့ရွာများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး၊ ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးပေးနိုင်ရေးနှင့် ဈေးကွက်များ ရှာဖွေပေးခြင်းဖြင့် ဒေသအတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်နေသည်ကို အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်စေရေး အတွက်နိုင်ဆုံးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းရသူများကို မိမိဒေသ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချုပ်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲ နှစ်နိုင်ငံဗဟိုဘဏ်များအကြား အပြန်အလှန်နားလည်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်စေရေး၊ ပိုမိုခိုင်မာသော ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရေး၊ နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် နှစ်နိုင်ငံဗဟိုဘဏ် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းများ ပူးတွဲကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဧမျူသီရိခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးနှင့် ရှေ့မှောက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV တို့က အဆိုပါနားလည်မှုစာချုပ်လွှာတွင် လက်မှတ်ရေးထိုးကာ စာချုပ်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

နားလည်မှုစာချုပ်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံဗဟိုဘဏ်တို့အကြား ငွေကြေးမူဝါဒများ၊ မေခရီစီးပွားရေးဆိုင်ရာမူဝါဒများ၊ ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ သဘောထားအမြင်များဖလှယ်ရန်၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သတင်းအချက်အလက်များဖလှယ်ရန်၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မည့် နှစ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးရန်စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများအား မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အပြင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများကိုလည်း ပူးတွဲကျင်းပနိုင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း ပိုမိုပြည့်ဝလာစေခြင်းစသည့် အကျိုးကျေးဇူးများ များစွာဖြစ်ထွန်းရရှိစေမည်ဖြစ်သည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ခုံရုံးအဆောက်အအုံသစ်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နှစ်ထပ်အဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစဉ် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက နှစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ မြေငလျင်ပြင်းအား ၈ မဂ္ဂနီကျူအထိ ခံနိုင်ရည်ရှိစေရန် အရည်အသွေးပြည့်မီစွာဆောင်ရွက်ရေး၊ မိုးရာသီမတိုင်မီ အုတ်မြစ်

လုပ်ငန်းများကို အချိန်မီပြီးစီးရေး၊ အဆောက်အအုံတစ်ခုလုံးအနေဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခုံရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံသစ်တည်ဆောက်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏အနာဂတ်ကို မြှင့်တင်စို့ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း တက်ရောက်

ရန်ကုန် မေ ၂၈

"နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏ အနာဂတ်ကို မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီတွင် သာကေတမြို့နယ် လူငယ်စင်တာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လူငယ်ကိုယ်စားလှယ်များ၊ ကျောင်းသားကျောင်းသူများ၊ လူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်များအနေဖြင့် ဗဟုလငါးတန်ပညာ့မာန်ဖြင့် နိုင်ငံ၏ အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်အောင် ကြိုးစားပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထုဆစ်ပုံဖော်ရာတွင် ရှေ့တန်းက တက်ကြွစွာ ပါဝင်နိုင်ကြသူများ အဖြစ် စွမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က လူငယ်စကားဝိုင်း Moderator/ Speaker နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် လူငယ်အဖွဲ့ခေါင်းဆောင် ငါးဦးတို့က "နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏ အနာဂတ်ကို မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လူငယ်မောင်မယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း QR Scan ဖြင့် စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ဆည်မြို့နယ်၌ တောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပ

ကျောက်ဆည် မေ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တောင်သူများနှင့်တွေ့ဆုံပွဲကို မေ ၂၆ ရက်က ငါးလုံကုန်းကျေးရွာ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များသည် ငါးလုံကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ သွားရောက်ကာ ကွင်းအမှတ် (၁၆၂)ရှိ တစ်ဆက်တစ်စပ်တည်း လယ် ၁၀၈ ဒသမ ၈၄ ကေအား ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)

တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

ဟားခါး မေ ၂၈

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးသည် ကော်မတီဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းတွင် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းလာပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားနည်းလာမည်ဖြစ်ပြီး နောက်ဆက်တွဲအဖြစ် မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ဖြစ်၍ တရားဥပဒေစိုးမိုးမှုရှိရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး ပြန်လည်တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၈၅ စုအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ထောက်ပံ့ငွေကျပ် ၂၁၄၉၅၅၆၀ ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တီးတိန်မြို့ပေါ်၌ အစိုးရပိုင်းအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေ၊ အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိနှင့် တီးတိန်မြို့ ကုတင်(၁၀၀) ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လှည်းကူးမြို့နယ်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တပ်ဆင်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက် ရန်ကင်း(၃)လမ်း၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၇၀၀ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၅၀၀ ခွဲခြင်းလုပ်ငန်းများပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက်က ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ လှည်းကူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ လှည်းကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးနိုင်နှင့် ဦးကျော်မင်းထွန်း၊ ရပ်/ကျေးအဖွဲ့များ၊ မီးသုံးစွဲသူပြည်သူများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ချစ်ဆောင်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံ အမှာစကားပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၈

တပ်မတော် အနေဖြင့် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် အင်အားတောင့် တင်းခိုင်မာပြီး စွမ်းရည် ထက်မြက်သည့် တပ်မတော် ဖြစ်စေရေးအတွက် တပ်မတော်သား တစ်ဦးချင်းစီ၏ စွမ်းရည် ထက်မြက်စေရေး လေ့ကျင့်သွားရန် လိုအပ်ကြောင်း ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တွေ့ဆုံအမှာစကားပြောကြားရာတွင် ရှေ့တန်းစစ်မျက်နှာတွင် အသက်နှင့် ခန္ဓာကို အပ်နှင်း၍ စစ်ဆင်ရေးတာဝန်များကို ရွပ်ရွပ်ခွံခွံ ထမ်းဆောင်ခဲ့ပြီး သင်တန်းလာရောက်တက်ကြသည့် သင်တန်းသားများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာနေရာ (Geo-political Pivot) တစ်ခုအဖြစ်တည်ရှိနေပြီး နိုင်ငံရေးစနစ် မတူညီသည့် အင်အားကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိကြောင်း၊ သမိုင်းကြောင်းအရ ကိုယ့်ထီးကိုယ့်နန်းနှင့် တိုင်းရင်းသားပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်သည်ကို အင်အားကြီး နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော် သိမ်းပိုက်ခဲ့ရာမှ ပြည်သူနှင့် မျိုးချစ်တပ်မတော်တို့ ပူးပေါင်းတွန်းလှန်ခဲ့ခြင်းဖြင့် လွတ်လပ်ရေးရခဲ့ကြောင်း၊ သို့သော်လည်း အင်အားကြီး အနောက်နိုင်ငံ၏ မြောက်ပင့်ပေးမှုဖြင့် ဖြစ်ပေါ်ခဲ့သည့် ပြည်ပကျူးကျော်မှုကိုလည်း တပ်မတော်နှင့် ပြည်သူ လက်တွဲတိုက်ထုတ်ခဲ့ရကြောင်း၊ ထိုသို့သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ပြည်သူ့လူထု လိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ထိုပြင် နိုင်ငံ၏သမိုင်းကြောင်းအရ တပ်မတော်သားများအနေဖြင့် ခြေလျင်၊ လက်ရုံးခွဲခြားမှုမရှိဘဲ အမြဲတမ်း တိုက်ပွဲဝင် အသင့်ဖြစ်စေရေး လေ့ကျင့် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာ ဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ ဖတ်မှတ်ထားသည်များကို စစ်မြေပြင်တွင် လက်တွေ့အသုံးချခြင်းနှင့် ပေးမျှခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုယ်ကျင့် တရားပိုင်းနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ အမြဲလမ်းညွှန် မှာကြားချက်ဖြစ်သည့် သင့်(၄)သင့်ကို လိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင့်(၄)သင့်ဆိုသည်မှာ သွားသင့်သည့်နေရာကို သွားရန်၊ ပြောဆိုသင့်သည့် စကားကိုသာ ပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရန်နှင့် ပေါင်းသင်းသည့် သူကိုသာ ပေါင်းသင်းသွားရန်တို့ ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်ကမ အားထားရသည့် နိုင်ငံသားကောင်းများဖြစ်အောင် ခေါင်းဆောင်မှု အင်္ဂါရုပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် တပ်ကိုကွပ်ကဲဦးဆောင်ကြရန် လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက် အရာရှိ၊ စစ်သည်များ စည်းကမ်း စနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ လက်အောက် ငယ်သားများ အပေါ်တွင်လည်း ကိုယ်ချင်းစာတရားထား၍ စံနမူနာပြ အုပ်ချုပ်ရန်လိုကြောင်း၊ လူထိုင်း(၁)ဖြစ်ခွင့် ရှိသော်လည်း လူထိုင်း(၁) မဖြစ်နိုင်ကြောင်း၊ သို့သော် လုံလီမရှိယဖြင့် ကြိုးစားလျှင် အောင်မြင်မည်ဖြစ်၍ ခွဲမလျှော့ဘဲ ကြိုးစားရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက် တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဝင်းအတွင်းရှိ သင်တန်းသားအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်တန်းအဆောင်များအလိုက် စနစ်တကျရှိစေရေး၊ ထိန်းသိမ်းမှုကောင်းမွန်စေရေး၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့ကို မှာကြားပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သုံးထပ်စာသင်ဆောင်၊ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)နှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း တို့မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့က လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်တို့အား ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိက တာဝန်သည် လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည့်အတွက် လေ့ကျင့် သင်ကြားရေးနှင့် ပတ်သက်၍ ဝိုင်ပြင်ပြင် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ နည်းပြများအနေဖြင့် စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြား လေ့ကျင့်ပေးရာတွင် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင် အောင်သင်ကြားပေးရန်လိုကြောင်း မှာကြားပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

❖ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စွမ်းရည်ပြည့်ဝအောင် မိမိတို့ကိုယ်စီ ကြိုးစားဆောင်ရွက်

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အိုဘယ့် မိခင် ဧရာဝတီ (၂)

တယော (ရေသယ်ဇာတ)

၁၉ ရာစု အစောပိုင်းကာလများ၏ တမံတည်ဆောက်မှုသမိုင်းကို အမေရိကန်ပြည်ထောင်စုက စတင်ဦးဆောင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ် အမေရိကန်စီးပွားရေး ပျက်ကပ်ကာလတွင် ကော်လိုရာဒို မြစ်ဝှမ်းစီမံကိန်းများကို အကောင်အထည်ဖော်ကာ ဘိုးလ်ဒါးကင်ဒွန်တမံ တည်ဆောက်ခဲ့ကြသည်။ ထို့နောက် ကိုလံဘီယာမြစ်ဝှမ်းပေါ်တွင် ဂရန်ကူလီ တမံကို ၁၉၃၃ ခုနှစ်က ထပ်မံတည်ဆောက်ခဲ့ကြသည်။ ရှေ့ဆင့်နောက်ဆင့် တည်ဆောက်ပြီးစီးသွားသော အဆိုပါစီမံကိန်းနှစ်ခုမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၅၀၀ ရရှိခဲ့ပြီး အရီဇိုးနား၊ နီဗားဒါး၊ ဝါရှင်တန်၊ အော်ရီဂွန်၊ အီဒါဟိုပြည်နယ်တို့ကို အဓိကဖြန့်ဖြူးပေးကာ အလူမီနီယံစက်ရုံများ၊ ဘိုရင်းစက်ရုံများ၊ ဖို့တလန်ရှိ စစ်သင်္ဘောများထုတ်လုပ်ရာ သင်္ဘောကျင်းများသို့လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ခေတ်ကာလသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် စစ်အေးခေတ်၏အစ (၁၉) ရာစုအလယ်ပိုင်းခေတ်တွင် စီးပွားရေးအားပြိုင်မှုများ စတင်ခဲ့သလို နည်းပညာယှဉ်ပြိုင်ခြင်း၏ အစပျိုးကာလများ ဖြစ်ခဲ့လေသည်။ အနောက်ဥရောပ၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဆိုဗီယက်ယူနီယံ (ယခု ရုရှားဖက်ဒရေးရှင်းနိုင်ငံ)နှင့် ဂျပန်နိုင်ငံတို့သည် အကြီးစားတမံတည်ဆောက်မှုကို အင်တိုက်အားတိုက် လုပ်ဆောင်လာခဲ့ကြသည်။ သာဓက တစ်ခုဆောင်ရလျှင် အမေရိကန်သမ္မတ ဖရန့်ကန်နီဒီရုစဗဲ့လက်ထက်ဖွဲ့စည်းခဲ့သော “တက်နက်စီမြစ်ဝှမ်းအာဏာပိုင်အဖွဲ့”၏ တက်နက်စီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ရရှိမှု၊ ရေကြီးရေလျှံထိန်းချုပ်နိုင်မှု၊ စိုက်ပျိုးရေပိုမိုသုံးစွဲနိုင်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးလာမှုတို့သည် ကမ္ဘာ့ပထမဦးဆုံး ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးပုံစံတစ်ခု အဖြစ် ပြောစမှတ်တွင်ခဲ့သည်။ ထိုမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း ပင်မစီမံချက်ကို ပုံတူကူးချပြီး နိုင်ငံအများအပြားက လက်ခံကျင့်သုံး၍ စီမံကိန်းရေးဆွဲလျက်ရှိကြသည်။

တမံတည်ဆောက်မှုနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးလာခဲ့

နည်းပညာဖွံ့ဖြိုးလာမှုနှင့်အတူ ၁၉၈၀ ပြည့်နှစ်ကာလများတွင် လျှပ်စစ်လိုအပ်ချက်သည်လည်း မြင့်တက်လာခဲ့သည်။ ထို့အပြင် ရေကြီးရေလျှံမှု ထိန်းချုပ်ရေး၊ ရေသိုလှောင်ရေးနှင့် ရေအရင်းအမြစ်ခွဲဝေသုံးစွဲရေးတို့သည်လည်း အရေးပါလာခြင်း၊ အင်ဂျင်နီယာပညာ၊ IT ပညာနှင့် ကွန်ပျူတာနည်းပညာ တိုးတက်လာခြင်းတို့ကြောင့် တမံတည်ဆောက်မှုနည်းပညာများက အလွန်လျင်မြန်စွာ ဖွံ့ဖြိုးလာခဲ့သည်။ အဓိကနည်းပညာဖွံ့ဖြိုးမှုသည် Roller Compacted Concrete (RCC) တမံနည်းပညာဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်များတွင် RCC Dam Technology ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာခဲ့ကြသည်။ ကွန်ကရစ်ကို လမ်းခင်းသလို တစ်လွှာချင်းတင်ပြီး လမ်းကြိတ်စက်ဖြင့် ဖိသိပ်ခြင်းကြောင့် တည်ဆောက်ချိန် လျော့ချနိုင်သည့် အပြင် ကုန်ကျစရိတ်လည်း သက်သာကြောင်း သိရှိခဲ့ကြသည်။

နည်းပညာတိုးတက်လာမှုကြောင့် ယခင် Gravity Dam များထက် တည်ဆောက်ချိန် ပိုမိုမြန်ဆန်၍ ပိုမိုသက်သာပြီဖြစ်ကာ ကွန်ပျူတာအခြေပြု၍ ဒီဇိုင်းရေဆွဲခြင်းနှင့် ခွဲခြမ်းစိတ်ဖြာမှု Computer-Aided Design (CAD) စတင်အသုံးများလာခဲ့ကြသည်။ ထို့အပြင် Finite Element Method (FEM) ဖြင့် ဖိအား၊ အင်အား၊ ငလျင်အကျိုးသက်ရောက်မှုကို တိတိကျကျ ခန့်မှန်းနိုင်လာသဖြင့် တမံအန္တရာယ်လျော့နည်းပြီး တာတမံများ၏ဘေးကင်းလုံခြုံရေးအခြေအနေသည်လည်း မြင့်တက်ခဲ့သည်။

လျင်ဒဏ်ခံနိုင်မှု တိုးတက်လာသည်မှာ (၁၉၇၀-၈၀) နောက်ပိုင်းကာလများတွင် ငလျင် အန္တရာယ်ကို အထူးအလေးထား၍ Dynamic analysis၊ Response spectrum analysis အသုံးပြုတွက်ချက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အကျိုးကျေးဇူးအနေဖြင့် ငလျင်ဒဏ်ခံနိုင်သော Arch Dam၊ Rockfill Dam များကို ပိုမိုလုံခြုံစွာ ဒီဇိုင်းလုပ်နိုင်လာခဲ့ကြသည်။ ထိုသို့ Rockfill နှင့် Earthfill Dam နည်းပညာတိုးတက်မှုသည် Impervious core အဖြစ် Clay core၊ Asphalt core၊ Concrete face rockfill dam (CFRD) အသုံးများလာ၍ မြေ၊ကျောက်များ အလွယ်တကူရရှိသည့် ဒေသများတွင် ကုန်ကျစရိတ်သက်သာစွာ တည်ဆောက်နိုင်ခဲ့ကြသည်။ တည်ဆောက်ရေးလုပ်ငန်းသုံး စက်ယာဉ်၊ ယန္တရားများ တိုးတက်လာ၍ မြေတူးစက်များ၊ ကရိန်းများ၊ ဝန်တင်ယာဉ်များ၊ တုန်ခါစေနိုင်သော လမ်းကြိတ်စက်များ အသုံးပြုလာခြင်းကြောင့် တမံတည်ဆောက်မှု ပိုမိုတိကျ မြန်ဆန်လာခဲ့ရသည်။

Instrumentation နှင့် Monitoring System ကို လေ့လာလျှင် Piezometer၊ Strain gauge၊ Settlement marker၊ Seepage measuring device စနစ်များ တပ်ဆင်လာ၍ တမံ၏ရေပိုစိမ့်မှုမြေနေရာ ရွေ့ခြင်း၊ ဖိအားပြောင်းလဲမှုကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စဉ်းစားမှုကို အလေးထားလာကြသဖြင့် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း Environmental Impact Assessment (EIA) ကို မဖြစ်မနေပြုလုပ်ခဲ့ကြရသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို အလေးထားသည့်အပြင် လူနေဒေသရွှေ့ပြောင်းမှုကို စဉ်းစားလာသဖြင့် တမံမိမ်းကိန်းများ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တပေါင်းတစည်း ဖြစ်စေကာ သဟဇာတဖြစ်မှုနှင့် လူမှုစီးပွားဘဝ အတူတကွတိုးတက်လာခဲ့ကြသည်။

လျင်ပြင်းအားကို ကြိုတင်တွက်ဆ၍ ဒီဇိုင်းထုတ်လုပ်လာနိုင်

၁၉၈၀ ပြည့်နှစ်များ၏နည်းပညာဖွံ့ဖြိုးမှုကြောင့် တမံများ ပိုမိုခြေမြဲမာစွာ တည်ဆောက်နိုင်သလို ပိုမိုလုံခြုံပြီး ပိုမိုသက်သာသော တည်ဆောက်မှုကို ဖြစ်ပေါ်စေခဲ့ပြီး ယနေ့ခေတ် မဟာတမံကြီးများ၏ အခြေခံအုတ်မြစ်လည်း ဖြစ်လာခဲ့သည်။ ထိုကာလသည် RCC နည်းပညာ၊ ကွန်ပျူတာအခြေပြု ဒီဇိုင်းတွက်ထုတ်မှု၊ လျင်ဒဏ်ခံနိုင်မှု၊ Monitoring system တို့ကြောင့် တမံတည်ဆောက်မှု နည်းပညာသည် အလွန်အရေးပါစွာ တိုးတက်လာသော ခေတ်ကာလ ဖြစ်သည်။ ထိုခေတ်မှတစ်ဆင့် ယနေ့ခေတ်ကာလ အထိ တည်ဆောက်မှုနည်းစနစ်၊ တမံဘေးအန္တရာယ် ကင်းစေရေးစီမံချက်၊ ဒီဇိုင်းတွက်ချက်မှု နည်းပညာများ၊ တမံအပါအဝင် ဆက်စပ်အဆောက်အအုံများကို ပိုမိုခိုင်ခံ့စေသည့် ဒီဇိုင်းထုတ် တည်ဆောက်နိုင်မှုများ၊ လျင်ပြင်းအားကို ကြိုတင်တွက်ဆ၍ ဒီဇိုင်းထုတ်လုပ်လာနိုင်မှုနှင့် သဘာဝဘေးများ၏ နှစ်ဝဝဝဝ လျှင် တစ်ကြိမ်ကြုံရနိုင်သော အခြင့်ဆုံးသော ရေလွှမ်းမိုးနိုင်သည့် အမှတ်(အမြင့်)ကို ခန့်မှန်းတွက်ဆလာနိုင်ကြသည်အထိ ဆင့်ကဲတိုးတက်ပြောင်းလဲလာခဲ့သည်။

ထို့အပြင် နိုင်ငံတကာတမံကြီးများ ကော်မရှင် (ICOLD)၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် လမ်းညွှန်ချက်များကို အလေးထားလိုက်နာ ဆောင်ရွက်လာကြသလို Dam Break Analysis ကဲ့သို့ သိပ္ပံနည်းကျ လက်တွေ့တွက်ချက်မှုများကြောင့် တမံကြီးများ၏ ကျိုးပျက်လာနိုင်မှုများကို ကြိုတင်တွက်ဆလာနိုင်သဖြင့် တမံကြံခိုင်ရေးကို မတည်ဆောက်မီကာလများကပင် ကြိုတင်တွက်ချက်ရေးဆွဲလာနိုင်ကြသည်။

CFRD ဆိုသည်မှာ

တမံတည်ဆောက်ခြင်း အမျိုးအစားများကို ယေဘုယျအားဖြင့် တည်ဆောက်ပုံအရ သုံးမျိုး၊ ပစ္စည်းအမျိုးအစားများအရ သုံးမျိုး၊ ရည်ရွယ်ချက်အရ သုံးမျိုးနှင့် တည်နေရာအရ နှစ်မျိုး စုစုပေါင်း ၁၁ မျိုးခန့်အမျိုးအစား ခွဲခြားခေါ်ဝေါ်ကြပါသည်။ တည်ဆောက်ပုံအရဆိုလျှင် အလေးချိန်တမံ (Gravity Dam)၊ အကွေးတမံ (Arch Dam)နှင့် ထောက်ခံတမံ (Buttress Dam) ဟူ၍ ရှိပါသည်။ ပစ္စည်းအမျိုးအစားအရ မြေသားတမံ၊ ကွန်ကရစ်တမံနှင့် ကျောက်ဖြည့်တမံဟူ၍ သုံးမျိုးရှိသည်။

ရည်ရွယ်ချက်အရ ရေလှောင်တမံ၊ ရေလွှဲရေတားတမံနှင့် ရေကြီးရေလျှံမှုထိန်းချုပ်သည့် တမံဟူ၍ သုံးမျိုးရှိသည်။ တည်နေရာအရဆိုရလျှင် မြစ်တမံနှင့် တောင်ကြားလျှိုပိတ်တမံဟူ၍ နှစ်မျိုးရှိပါသည်။ ထိုထက်ပိုမိုကျစ်လျစ်စွာ ပြောဆိုရလျှင် တမံကို Concrete Dam နှင့် Fill Dam ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ကွန်ကရစ်တမံတွင် Roller Compacted Concrete (R.C.C) တမံနှင့် Conventional Vibrated Concrete (C.V.C) တမံဟူ၍ ခွဲခြားနိုင်ပြီး ကွန်ကရစ်တမံများသည် Gravity Dam၊ Hollow Gravity Dam၊ Buttress Dam၊ Thin Arch Dam နှင့် Arch Gravity Dam ဟူ၍ရှိပါသည်။ Fill Dam များကို Homogeneous Dam၊ Zone Fill Dam နှင့် Fill Dam with Facing Membrane ဟူ၍ အမျိုးအစားများခွဲခြားနိုင်သည်။ Fill Dam with Facing Membrane အမျိုးအစားကို Concrete Face Rockfill Dam (CFRD)၊ Geomembrane Face Rockfill Dam (GFRD)၊ Asphalt Face Rockfill Dam (AFRD) နှင့် Bituminous Face Rockfill Dam (BFRD)ဟူ၍ ပင်မတမံ၏ ရေတိုက်ရိုက်ထိစပ်မည့် မျက်နှာပြင်ကို ဖုံးအုပ်သည့် ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ခွဲခြားခေါ်ဝေါ်ကြသည်။

ယနေ့ကာလတွင် မြစ်ဆုံဆည်တည်ဆောက်မှုနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြဆဲဖြစ်တွင် Concrete Face Rockfill Dam (CFRD)သည် လည်း မဖြစ်မနေအဖြစ်ဆိုခံနေရသော တည်ဆောက်မှုစနစ်တစ်ခုဖြစ်နေသည်ကို တွေ့မြင်နေရသည်။ တကယ်ပင် Concrete Face Rockfill Dam (CFRD) များက ဝေဖန်ရေးသမားများ၊ လူမှုကွန်ရက်ပေါ်တွင် Follower နှင့် ကြည့်ရှုသူများကြား၌ ဝင်ငွေရှာဖွေနေသူများ၊ တစ်ဖက်ပိတ်မီဒီယာများ၊ နိုင်ငံတကာအလှူရှင်အကူအညီ မျှော်ကိုးသူများနှင့် သဘာဝပတ်ဝန်းကျင်ကို စီးပွားဖြစ် ချစ်ပြနေသူများ ပြောဆို ချဲ့ကားရေးသားနေသလို မလုပ်သင့်၊ မလုပ်အပ်သော တမံအမျိုးအစား ဟုတ်၏၊ မဟုတ်၏၊ အချက်အလက်များဖြင့်သာ လေ့လာထောက်ရှု ဝေဖန်သင့်ပါသည်။

CFRD(Concrete Face Rockfill Dam) ဆိုသည်မှာ ကျောက်တုံးများကို အဓိက ကျောရိုးအင်အားအဖြစ် အသုံးပြုပြီး ရေတားဆီးရန်အတွက် အရှေ့ဘက် မျက်နှာပြင်တွင် ကွန်ကရစ်ကို အကာအကွယ် (Concrete Impermeable Face)အဖြစ် ထည့်သွင်းတည်ဆောက်ထားသော Fill-type Dam အမျိုးအစားဖြစ်သည်။ CFRD တမံ၏ ဖွဲ့စည်းပုံအဖြစ်

“နိုင်ငံတကာတွင် မီတာ ၂၀၀ ကျော် အမြင့်ရှိသော တမံအချို့ကို CFRD တမံအမျိုးအစားဖြင့် တည်ဆောက်ထားသည်။ CFRD တမံအမျိုးအစား၏ ကျောက်ဖြည့်ကိုယ်ထည်အတွက် လိုအပ်သောကျောက်များကို အရည်အသွေးကောင်းမွန်သော ဒေသခံကျောက်များ အသုံးပြုနိုင်ပါသည်။ ထို့အပြင် CFRD ကျောက်ဖြည့်တမံသည် Flexible ဖြစ်သောကြောင့် ငလျင်လှုပ်ခတ်မှုကို ခံနိုင်ရည်ရှိပါသည်။ CFRD တမံ၏ အားနည်းချက်များမှာ Settlement ကြောင့် Slab ကွဲနိုင်ပါသည်၊ အောက်ခံဘူမိကျောက်သားကောင်းမွန်ရန် လိုအပ်ပါသည်။ ဒီဇိုင်းနှင့် တည်ဆောက်မှုလုပ်ငန်းစဉ် တိကျရန် လိုအပ်ပါသည်။ တမံတည်ဆောက်မှု နည်းပညာတိုးတက်လာသည့် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် RCC နည်းပညာနှင့်အတူ CFRD တည်ဆောက်မှုနည်းစနစ်ပါ ကမ္ဘာတစ်ဝန်း အလွန်အသုံးများလာ”

ကျောက်ဖြည့်တမံ၏ အဓိကအလေးချိန်နှင့် အင်အားကို ထမ်းဆောင်ရန် ကျောက်ကြီးများကို အလွှာလိုက်တင်၍ သိပ်သည်းမှုရရှိအောင် ပြုလုပ်ကြပြီး ပင်မတမံ၏ ထုထည်ဖြင့် ရေဖိအားကို ခံနိုင်ရန် ဒီဇိုင်းထုတ် တည်ဆောက်ကြသည်။

တမံ၏ Upstream ဘက်တွင် Concrete Impermeable Face အဖြစ် တည်ဆောက်ထားသော ကွန်ကရစ်နှင့် တမံကိုယ်ထည်ကြားတွင် Transition နှင့် Filter Zones များ ထည့်သွင်း၍ Rockfill ရွွေ့လျားမှုကြောင့် ကွန်ကရစ်မျက်နှာပြင် မကွဲအက်စေရေး ကာကွယ်ရန် တည်ဆောက်ကြပါသည်။ ကတ္တရာအလွှာသုံး ရေပိတ်လွှာကို ထည့်သွင်း၍ Modulus of Elasticity (e) တန်ဖိုးလျော့နည်းစေရန် ရည်ရွယ်တည်ဆောက်ကြပါသည်။ တမံအောက်ခြေတွင်လည်း ရေစိမ့်တိုးဝင်မှုမရှိစေရန် ရေစိမ့်တားနံရံများကို ကွန်ကရစ်ဖြင့် တည်ဆောက်ကြသည်။

CFRD တမံ၏ လုပ်ဆောင်ပုံကို ရှင်းပြရလျှင် ရေလှောင်ကန်မှ ရေဖိအားသည် ကွန်ကရစ်မျက်နှာပြင်ကို သက်ရောက်ကာ ထိုကွန်ကရစ်မျက်နှာပြင်မှ ရေပိုစိမ့်မှုကို ကာကွယ်ပြီး ရေဖိအားကို ကျောက်ဖြည့်တမံ ကိုယ်ထည်သို့ လွှဲပြောင်းပေးပါသည်။ ပင်မကျောက်ဖြည့်တမံကိုယ်ထည်၏ အလေးချိန်နှင့် အထူကြောင့် ရေထုဖိအားကို ခံနိုင်စေပါသည်။ ထို့ကြောင့် CFRD သည် Impermeability (စိမ့်ဝင်နိုင်မှု) အတွက် Concrete Slab ကို အသုံးပြုပြီး

စာမျက်နှာ ၇ သို့ ❐

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏဝိဖတ်သိဖွန်ပရတ်ထေ့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖြင့်တင်နိုင်ရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နယ်စပ်တစ်လျှောက် တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဆီဆိုင်မြို့နယ်၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဆီဆိုင် မေ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပုံပိုးကူညီမှု၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လုပ်သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် လွယ်ပွတ်ကျေးရွာအုပ်စု ကောင်ဝါးတောင်ကျေးရွာ၌ မေ ၂၁ ရက်က မိုးကြိုးစက်ကွင်းထိမှန်၍ သေဆုံးခဲ့သည့်နွားပိုင်ရှင်များအား တွေ့ဆုံ၍ကမ္ဘာဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတညီနောင်များအသင်းက ထောက်ပံ့သော တစ်ကောင်လျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် နွားကောင်ရေ ၅၀ အတွက် စုစုပေါင်းငွေကျပ် သိန်း ၃၅၀ ကို နွားပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❐ စာမျက်နှာ ၆ မှ

Stability (တည်ငြိမ်မှု)ကို Rockfill ဖြင့် ရရှိစေပါသည်။ CFRD တမံ၏ အားသာချက်များကို ရှင်းပြရမည်ဆိုလျှင် မြင့်မားသောတမံများ တည်ဆောက်နိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ တည်ဆောက်ရေးကာလ မြန်ဆန်ခြင်း၊ ငလျင်ဒဏ်ခံနိုင်မှုကောင်းမွန်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရလွယ်ကူခြင်းတို့ ဖြစ်ပါသည်။

CFRD တမံအမျိုးအစားဖြင့် တည်ဆောက်

နိုင်ငံတကာတွင် မီတာ ၂၀၀ ကျော် အမြင့်ရှိသော တမံအချို့ကို CFRD တမံအမျိုးအစားဖြင့် တည်ဆောက်ထားသည်။ CFRD တမံအမျိုးအစား၏ ကျောက်ဖြည့်ကိုယ်ထည်အတွက် လိုအပ်သော ကျောက်များကို အရည်အသွေးကောင်းမွန်သော ဒေသခံကျောက်များ အသုံးပြုနိုင်ပါသည်။ ထို့အပြင် CFRD ကျောက်ဖြည့်တမံသည် Flexible ဖြစ်သောကြောင့် ငလျင်လှုပ်ခတ်မှုကို ခံနိုင်ရည်ရှိပါသည်။ CFRD တမံ၏ အားနည်းချက်များမှာ Settlement ကြောင့် Slab ကွဲနိုင်ပါသည်၊ အောက်ခံဘူမိကျောက်သားကောင်းမွန်ရန် လိုအပ်ပါသည်။ ဒီဇိုင်းနှင့် တည်ဆောက်မှုလုပ်ငန်းစဉ် တိကျရန် လိုအပ်ပါသည်။ တမံတည်ဆောက်မှု နည်းပညာတိုးတက်လာသည့် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် RCC နည်းပညာနှင့်အတူ CFRD တည်ဆောက်မှုနည်းစနစ်ပါ ကမ္ဘာတစ်ဝန်း အလွန်အသုံးများလာပါသည်။

ကမ္ဘာပေါ်ရှိ နာမည်ကြီး တည်ဆောက်ရေးသင်ခန်းစာများရရှိသော CFRD တမံများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

တမံအမည်	နိုင်ငံ	အမြင့်
Shuibuya Dam	တရုတ်	၂၃၃ မီတာ
Bakun Dam	မလေးရှား	၂၀၅ မီတာ
Campos Novos Dam	ဘရာဇီး	၂၀၂ မီတာ

အထက်ဖော်ပြပါ ကမ္ဘာပေါ်ရှိ နာမည်ကြီး CFRD တမံ သုံးခုဖြစ်သော Shuibuya Dam(တရုတ်)၊ Bakun Dam (မလေးရှား)၊ Campos Novos Dam (ဘရာဇီး) တို့၏ တည်ဆောက်ရခြင်းရည်ရွယ်ချက်၊ အသုံးဝင်ပုံ၊ သဘာဝဘေးဒဏ်ခံစားခဲ့ရမှုနှင့် လက်ရှိအခြေအနေတို့ကို တစ်ခုချင်းစီ ရှင်းပြပါမည်။

ပထမဆုံးအနေဖြင့် Shuibuya Dam အကြောင်း ရှင်းပြပါမည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Qingjiang River(Yangtze River၏ မြစ်လက်တက်) ပေါ်တွင် အမြင့် ၂၃၃ မီတာရှိ CFRD အမျိုးအစား တမံတစ်ခုဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်သည် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ တရုတ်နိုင်ငံ အလယ်ပိုင်းဒေသ လျှပ်စစ်လိုအပ်ချက်ဖြည့်ဆည်းရေး၊ ရေကြီးရေလျှံမှုထိန်းချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ဖြစ်ပါသည်။ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းသည် မဂ္ဂါဝပ် ၁၈၄၀ ရှိပြီး ဟူဘေး (Hubei) ပြည်နယ်နှင့် အနီးအနားစက်မှုဇုန်များသို့ လျှပ်စစ်ပေးဝေနိုင်ကာ CFRD နည်းပညာကို အလွန်မြင့်မားသောတမံတွင် အောင်မြင်စွာ အသုံးချနိုင်ကြောင်း ပြသခဲ့သည့် မော်ဒယ်တစ်ခုလည်းဖြစ်ပါသည်။

သဘာဝဘေးဒဏ်များ ခံစားခဲ့ရပြီး လျင်ဖြစ်ပွားမှုနှုန်းများသောဒေသဖြစ်သော်လည်း အရေးကြီးသော ဖွဲ့စည်းပုံပျက်စီးမှုမရှိခဲ့ခြင်းမှာ Rockfill Flexibility ကြောင့် လျင်ဒဏ်ကို ကောင်းစွာခံနိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် အဆိုပါ တမံကြီးသည် ပုံမှန်လည်ပတ်နေဆဲဖြစ်ပြီး CFRD တမံများ၏ အမြင့်ဆုံးနယူနာတစ်ခုအဖြစ် ကမ္ဘာ့တမံအင်ဂျင်နီယာများ၏ စာတမ်းများတွင် မကြာခဏ ကိုးကားခံရသည့် ရုပ်ဝတ္ထုမှတ်ကျောက်ဖြစ်သည်။

ဒုတိယတစ်ခုအနေဖြင့် Bakun Dam အကြောင်း ဖြစ်ပါသည်။ ဘူကန်း(Bakun) တမံသည် မလေးရှား နိုင်ငံ ဆာရာဝပ်ပြည်နယ်(ဘိုရီရှိကျွန်း) ဘာလူအီမြစ် (Balui)ပေါ်မှာ တည်ဆောက်ထားသော အမြင့် ၂၀၅ မီတာရှိ CFRD အမျိုးအစား တမံတစ်ခုဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ တည်ဆောက်ရခြင်းရည်ရွယ်ချက်မှာ အကြီးစား ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ Sarawak Corridor of Renewable Energy (SCORE) စီမံကိန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးရေးတို့အတွက် ရည်ရွယ်ပါသည်။ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ် ၂၄၀၀ ဖြစ်ပြီး Aluminum Smelter နှင့် စက်မှုလုပ်ငန်းကြီးများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပါသည်။

မလေးရှားနိုင်ငံတွင် အကြီးဆုံးသော ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါသည်။ Bakun တမံ တည်ရှိရာ ဒေသသည် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပြီး ငလျင်ဒဏ်ခံစားရမှု အနည်းငယ်သာ ရှိခဲ့ပါသည်။ သို့သော် လူမှုရေးဘက်တွင် ဒေသခံတိုင်းရင်းသားများ ရွှေ့ပြောင်းရမှု၊ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများကြောင့် ဝေဖန်မှုများရှိခဲ့သော စီမံကိန်းတစ်ခုဖြစ်ခဲ့သည်။ ယခုအခါကောင်းစွာ လည်ပတ်နေသော စက်ရုံတစ်ခုဖြစ်ပြီး Sarawak ဒေသ၏ အဓိက လျှပ်စစ်အင်အားရင်းမြစ်တစ်ခုလည်း ဖြစ်ပါသည်။ ထို့အပြင် CFRD အမျိုးအစား အကြီးစားတမံ၏ အောင်မြင်မှု ဥပမာတစ်ခုအဖြစ်လည်း ပြောစမှတ်တွင်နေပါသည်။

တတိယတစ်ခုမှာ ၂၀၀၆ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော ဘရာဇီးနိုင်ငံ ကနိုးအက်မြစ်(Canoas) ပေါ်တွင်တည်ဆောက်ထားသည့် အမြင့် ၂၀၂ မီတာရှိ CFRD အမျိုးအစား ကမ်ပို့စ်နိုဗို့စ်တမံ (Campos Novos Dam) ဖြစ်ပြီး တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် ဘရာဇီးတောင်ပိုင်း၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များဖြည့်ဆည်းရေးတို့ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ် ၈၈၀ ဖြစ်ကာ အဓိကအားဖြင့် စနစ်တကတားရီနရပြည်နယ်နှင့် အနီးအနားဒေသများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဝေနေပြီး အခြားသော ပြည်နယ်များကိုလည်း ခွဲဝေဖြန့်ဖြူးပေးနေပါသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် Diversion Tunnel Collapse ဖြစ်ပွားပြီး Concrete face slab တွင် အက်ကြောင်းဖြစ်ပေါ်လာကာ ရေယိုစိမ့်မှု ဖြစ်ပေါ်ခဲ့၍ ရေလှောင်ကန်မှရေကို အရေးပေါ် လျှော့ချခဲ့ရပါသည်။ အကြောင်းရင်းမှာ Rockfill Settlement ကို မှန်ကန်စွာ မခန့်မှန်းနိုင်ခြင်း၊ Slab–plinth Joint Design အားနည်းမှုရှိခဲ့ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ထို့နောက် ပြုပြင်မှုများ ပြန်လည်ပြုလုပ်ခဲ့ပြီး တမံဘေးကင်းလုံခြုံရေးကို အဆင့်မြှင့်ကာ ပြန်လည်လည်ပတ်မောင်းနှင်လျက်ရှိပါသည်။ အဆိုပါတမံကြီးမှ CFRD ဒီဇိုင်းတွင် Settlement Control နှင့် Joint Design အရေးကြီးကြောင်း ကမ္ဘာ့တမံတည်ဆောက်ရေးလောကကို သင်ခန်းစာကြီး ပေးခဲ့ပါသည်။

ကန့်ကွက်ဝေဖန်ရေးသားနေကြသူများ ပြောဆိုရေးသားနေသကဲ့သို့မဟုတ်

မူလအကြောင်းရင်းကို ပြန်ဆက်ရလျှင် ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်မည့် မြစ်ဆုံတမံသည် ကွန်ကရစ်မျက်နှာပြင်ကျောက်ဖြည့်တမံ (CFRD)အမျိုးအစားဖြစ်ပြီး တမံအမြင့် ၄၅၈ ပေ (တစ်နည်း မီတာ ၁၄၀)၊ အလျား ပေ ၄၃၀၀၊ တမံထုထည် ကျင်းပေါင်း ၆ ဒသမ ၅၄ သန်းဖြစ်ပါသည်။ ရေလှောင်ကန်ဧရိယာသည် ၁၇၃ စတုရန်းမိုင် ကျယ်ဝန်းမည်ဖြစ်ပြီး ကန့်ကွက်ဝေဖန်ရေးသားနေကြသူများ ပြောဆိုရေးသားနေသကဲ့သို့မဟုတ်ဘဲ စင်ကာပူနိုင်ငံ၏ အကျယ်အဝန်း ၂၈၃ စတုရန်းမိုင်ထက် နည်းပါးပါသည်။

တမံနှင့် အနီးဆုံးရှိသော ရေပြင်အကျယ်ဧရိယာမှာ ၆ ဒသမ ၇၅ စတုရန်းမိုင်ဖြစ်ပါသည်။ နောက်တစ်ချက်မှာ တမံကို နိုင်ငံရေးလက်နက်အဖြစ် ဖောက်ခွဲ၍ မြစ်အောက်ပိုင်းဒေသကို ရေလွှမ်းစေနိုင်မည်ဟု ရေးသားပြောဆိုနေခြင်းက ပြည်သူလူထုကို စိုးရိမ်စိတ်ပြင့်တက်စေပြီး တမံတည်ဆောက်ရေးကို ကန့်ကွက်စေရန် သွယ်ဝိုက်၍ လှုံ့ဆော်ခြင်းတစ်မျိုးသာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံများသည် ဖောက်ခွဲဖျက်ဆီးရန် အလွန်ခဲယဉ်းပါသည်။ဖောက်ခွဲဖျက်ဆီးရန်အတွက် ယမ်းတန်ချိန် ရာထောင်ချီ အသုံးပြုရမည်ဖြစ်သည့်အပြင် ပြင်ဆင်ချိန် အတော်ယူရမည်ဖြစ်သည့်အတွက် လုံခြုံရေးအရ ကြိုတင်ကာကွယ်တားဆီးနိုင်စွမ်းရှိပါသည်။ ကွန်ကရစ်မျက်နှာပြင်ကျောက်ဖြည့်တမံအမျိုးအစား ဖြစ်သည့်အတွက် ကျောက်ဖြည့်တမံများက Flexible ဖြစ်သောကြောင့် ငလျင်လှုပ်ခတ်မှုကို ခံနိုင်ရည်ရှိပါသည်။ ထို့အပြင် ပြုပြင်ထိန်းသိမ်းရ လွယ်ကူပါသည်။ တည်ဆောက်ရေးပစ္စည်းများလည်း အလွယ်တကူ ရရှိနိုင်ပါသည်။ ■

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ(၂၀၂၆)အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး

နေပြည်တော် ၈ မေ ၂၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ(၂၀၂၆)အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။

ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ရှေ့မှောက်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများသည် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အရေးပါလှပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ စတင်၍ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၆ သန်း ကျော်ခန့် တန်ဖိုးရှိ စီမံကိန်း စုစုပေါင်း ၁၄၀ ကို ရရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့် နယ်ပယ်များကို အထောက်အကူပြုနိုင်မည့် စီမံကိန်း ရှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း ဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံနှင့် လည်းကောင်း၊ အခြားသော မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက်ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် စသော အဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရားတစ်ရပ်ဖြစ်သည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU အား လက်ခံတွေ့ဆုံ

နေပြည်တော် ၈ မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကိုကိုကျော်သည် ဟန်ွိင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုခိုင်မာရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နေပြည်တော်တွင် ဘယ်လာရုစ်သံရုံး ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

တရုတ်နိုင်ငံ ယူနန်မီဒီယာဂရုန့်င် မြန်မာနိုင်ငံ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းတို့အကြား မီဒီယာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ၈ မေ ၂၈

တရုတ်နိုင်ငံ ယူနန်မီဒီယာဂရု (Yunnan Media Group)နှင့် မြန်မာဘာသာဖြင့် လစဉ်ထုတ်ဝေသည့် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းတို့အကြား သတင်း၊ အကြောင်းအရာပံ့ပိုးမှုနှင့် နည်းပညာဆိုင်ရာတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရေး နှစ်ဖက်နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်းရှိ Myanmar Sport Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ Yunnan Media Group ဒုတိယဥက္ကဋ္ဌ Ms. Zhang Ying နှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း၊ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Yunnan Media Group ဒုတိယဥက္ကဋ္ဌ Ms. Zhang Ying နှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း ထုတ်ဝေသူ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်လေးတို့က တက်ရောက်လာသူများ ရှေ့မှောက်တွင် နှစ်ဖက်နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြသည်။

ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းသည် ၂၀၂၀ ပြည့်နှစ်မှ စတင်ထုတ်ဝေကာ Application တစ်ခုကိုလည်း ဆောင်ရွက်ထားပြီး မြဝတီရုပ်မြင်သံကြားတွင်လည်း "ဆွေမျိုးပေါက်ဖော်မှ ရသအစုံစုံ သုတအဖုံဖုံ" အစီအစဉ်ကိုလည်း ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

စေတုတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပြုလုပ်ခြင်း အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

စေတုတ္တရာ ၈ မေ ၂၈

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပြုလုပ်ခြင်း အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး၌ ပြုလုပ်သည့် ကျောင်းအုပ်နှံရေးနေ့ အခမ်းအနားတွင် ဖြန့်ဝေခဲ့သည်။

ထိုသို့ လက်ကမ်းစာစောင်ဖြန့်ဝေပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးတင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စေတုတ္တရာမြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးတင်မိုးကျော်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပြုလုပ်ခြင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အဖြတ်မ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘယ်လာရုစ်နိုင်ငံ Belinvetbank မှ ကိုယ်စားလှယ်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ (Banking Arrangements) ကို လက်မှတ်များရေးထိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဓာတုပစ္စည်း စီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၂၈

ဓာတုပစ္စည်း စီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနခွဲ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းမှပို့ချသွားမည့် သင်ခန်းစာများသည် လက်ရှိဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် အလုပ်သမားများအတွက် အသိပညာနှင့်ဗဟုသုတများ ပိုမိုရရှိပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကောင်းစွာ ကာကွယ်နိုင်မည် ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်လာကြသူများအနေဖြင့် သင်ကြားပို့ချမည့် အကြောင်းအရာများကို စိတ်ပါဝင်စားစွာလေ့လာသင်ယူဆွေးနွေးပြီး မိမိတို့၏ လုပ်ငန်းတာဝန်များတွင် လက်တွေ့အသုံးချဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန စက်မှု ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်တန်း၌ ဆွေးနွေးပို့ချမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ယခုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ဖြဉီးတက်ရောက်ပြီး သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကယားပြည်နယ်ဥပဒေချုပ်ရုံး၌ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

လွိုင်ကော် မေ ၂၈

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းနိုင်က ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယဥပဒေချုပ်တို့၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်က ဥပဒေရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်ရုံးအနေဖြင့် တရားဥပဒေစိုးမိုးမှုရရှိစေရေး၊ နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်ကို အညီအမျှရရှိစေရေးနှင့် ဥပဒေအသိပညာရရှိစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ဆွေးနွေးကြပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများက အသီးသီးတင်ပြရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မေစု(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းချီပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၉၆ ဦးဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၉၁ ဦး၊ ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၄၄ ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၈၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခွဲထက်ကို(ပြန်/ဆက်)**

> ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် အခြေခံစက်ချုပ်သင်တန်းကို မေ ၂၇ ရက်က ကျောက်တန်းမြို့နယ် စံချိန်စီရပ်ကွက်၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားစဉ်။ သန့်ဇင်ထွန်း

ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်

ချမ်းအေးသာစံ မေ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းကို ချမ်းအေးသာစံမြို့နယ် ဆုတောင်းရမြတ်စွာဘုရား၌ မေ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့ စုမှူး ဒုတိယရဲမှူး အောင်ခေါ်မြင့်က ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ချမ်းမြေမောင်**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပန်းတောင်းမြို့နယ်အတွင်း ဆိတ်မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပန်းတောင်း မေ ၂၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ပန်းတောင်းမြို့နယ်အတွင်း ဆိတ်မွေးမြူရေးနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပန်းတောင်းမြို့နယ် ဒေါင်းမြက်နားကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လိုအပ်သည့် ချေးငွေနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရွာပြည်–တောင်ကုတ်၊ ပုသိမ်–မုံရွာကားလမ်းဆုံ၌ လမ်းညွှန်ဆိုင်းဘုတ်နှင့် မြေယာအလှူရှင်း တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ ပန်းတောင်းမြို့နယ် သရက်လိန် ကျေးရွာအုပ်စု၌ ယခင်လျှပ်စစ်မြစ်ရေတင်စနစ်မှ ဆိုလာမြစ်ရေတင်စနစ်အဖြစ် ပြောင်းလဲတည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပန်းတောင်းမြို့နယ် ခတ္တိယကျေးရွာအနီး ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားကာ လုပ်ငန်းဆောင်ရွက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းဆွေးနွေး

ပုသိမ် မေ ၂၈

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကြိုတင်စီမံ ဆောင်ရွက်ထားရှိမှု၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ မျိုးစေ့ဖြန့်ဝေပေးနိုင်မှု၊ စက်သုံးဆီနှင့် သွင်းအားစုများလိုအပ်မှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးမည့် အခြေအနေနှင့် မိုးစပါး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးမှုအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

၂၀၂၆-၂၀၂၇ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် လျာထားချက် အပြည့်အဝအကောင်အထည်ဖော်စိုက်ပျိုးနိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၈

၂၀၂၆-၂၀၂၇ မိုး၊ ဆောင်း၊ နွေ ရာသီပြည့် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် လျာထားချက် အပြည့်အဝအကောင်အထည်ဖော်စိုက်ပျိုးနိုင်ရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပုဇွန်သီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ ကျင်းပရာ နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူ ၁၂၂ ဦး တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက ၂၀၂၆-၂၀၂၇ မိုးဆောင်းနွေ ရာသီပြည့် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် လျာထားချက် အပြည့်အဝအကောင်အထည်ဖော်စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းများအား တောင်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းအပြင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ ဓာတ်မြေဩဇာလျှော့ချသုံးစွဲခြင်း နည်းပညာကိုလိုက်ပါ ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တောင်သူတစ်ဦးချင်းအား ကန်သင်းသီးနှံစိုက်ပျိုးရန် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တောင်တွင်းကြီးမြို့၌ သီးနှံမျိုးစေ့များ ပေးအပ်

တောင်တွင်းကြီး မေ ၂၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်း/အထွက်ကောင်းသီးနှံများရရှိရေးအတွက် ယမန်နေ့က ပန်းသွင်ကြီးကျေးရွာအုပ်စု၌ သီးနှံမျိုးစေ့များ ပေးအပ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူးဦးငွေဆန်းက ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်း၊ အထွက်ကောင်းသည့် သီးနှံများရရှိရေး၊ တိုင်းမျိုးစေ့တာဝန်ခံဒေါ်သီတာဝင်းက သီးနှံအထွက်နှုန်းမထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲရန်နည်းလမ်းများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ငမျိုးအေးက တောင်သူများပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး နှမ်း၊ နေကြာ၊ ဝါနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ညောင်လေးပင်မြို့နယ်၌ ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သောနည်းလမ်းများ ပညာပေးဆွေးနွေး

ညောင်လေးပင် မေ ၂၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်သောနည်းလမ်းများ ပညာပေးဆွေးနွေးပွဲနှင့် ဇီဝမီးသွေး (Biochar) လက်တွေ့သရုပ်ပြပွဲကို မေ ၂၈ ရက်က ပြွန်တန်ဆာမြို့ စိုက်ပျိုးပညာပေးစခန်း (KC) ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းအောင်ဆန်းက ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးနှင့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေး နည်းပညာများ ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ငြိမ်းငြိမ်းစန်းက သီးနှံအထွက်နှုန်းမထိခိုက်စေသည့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သောနည်းလမ်းများအား ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတောင်သူများအား ဇီဝမီးသွေး (Biochar) ပြုလုပ်သုံးစွဲခြင်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

နေလင်း(ညောင်လေးပင်)

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်ပျင်း ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောပျင်း ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

စားသုံးဆီဖူလုံရေးအတွက် အားထားရမည့် ဆီအုန်းစပ်မျိုး(တင်နရာ) မျိုးစေ့များထုတ်လုပ်ရေး

မင်းရွှေအုပ်

အဖိုပန်းခိုင်ပြင်ဆင်အိတ်စွပ်မှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ အမျိုးမျိုးသော ဒေသရေခြေရာသီဥတု သဘာဝအရစိုက်ပျိုးနိုင်သောသီးနှံများကို ရွေးချယ်စိုက်ပျိုးလျက်ရှိရာတွင် ဆန်စပါးသာမက ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်များ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ ဆီထွက်သီးနှံများ စသည်ဖြင့် သက်ဆိုင်ရာ ဒေသများအလိုက် အထူးပြု စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

စားသုံးဆီအတွက် အဓိကအားထားရသော သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများဖြစ်ကြပြီး ယင်းသီးနှံများအနေဖြင့် ရာသီသဘာဝအပေါ်အမှီပြု၍ စိုက်ပျိုးထုတ်လုပ်မှု အတက်အကျများပြားမှုရှိသည့် သီးနှံများဖြစ်ကြပါသည်။ ပြည်တွင်း စားသုံးဆီ လိုအပ်ချက်ကို ဆီထွက်သီးနှံများအနေဖြင့် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ခြင်းမရှိသေးသဖြင့် လိုအပ်သောပမာဏအား နှစ်စဉ်ပြည်ပမှ တင်သွင်းနေရပါသည်။

ဆီအုန်းတစ်ကေမှ ဆီသီးခိုင်ပျမ်းမျှ ငါးတန်ထွက်ရှိနိုင်

ဆီထွက်သီးနှံများအနက် တစ်ကေ ဆီထွက်နှုန်းကောင်းသော ဆီအုန်းစိုက်ပျိုးခြင်းမှ စားသုံးဆီလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရေခြေရာသီဥတုအရ ဆီအုန်းတစ်ကေမှ ဆီသီးခိုင်ပျမ်းမျှ ငါးတန်ထွက်ရှိနိုင်ပါသည်။ အဆိုပါ ဆီသီးခိုင် ငါးတန်မှ ဆီကြမ်းတစ်တန်ခန့် ထုတ်လုပ်ရရှိမည်ဖြစ်ပါသည်။ ဆီကြမ်းတစ်တန်ကို သန့်စင်ပါက စားဆီချော ၁/၃ တန်ခန့် ရရှိမည်ဖြစ်ပါသည်။

စားအုန်းဆီ တန်ချိန် တစ်သိန်း လိုအပ်ပါက ဆီအုန်းစိုက်ကေ သုံးသိန်းစိုက်ပျိုးရန် လိုအပ်ပါသည်။ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးခဲ့သော်လည်း လုံလောက်မှုမရှိသေးသဖြင့် နိုင်ငံတော်က ၁၉၉၉ ခုနှစ်တွင် ဆီအုန်းစိုက်ပျိုးရန် သင့်တော်သောရာသီဥတုရှိသည့် များက မြန်မာနိုင်ငံ ဒေသရေခြေ ရာသီဥတုနှင့် သင့်လျော်မှု ရှိ/မရှိ သေချာမှုမရှိသေးဘဲ စိုက်ပျိုးခဲ့ကြရပါသည်။ ယခင်စိုက်ပျိုးခဲ့သည့် ဆီအုန်းဧရိယာများ စီးပွားရေးသက်တမ်းပြည့်မီ၍ ပြန်လည်စိုက်ပျိုးချိန်တွင် မြန်မာနိုင်ငံ ရေခြေရာသီဥတုနှင့် သင့်လျော်ကိုက်ညီသည့် ဆီအုန်းမျိုးစေ့များဖြင့် စိုက်ပျိုးပါက အထွက်ပိုမိုလာနိုင်မည်ဖြစ်သည့်အပြင် ပြည်ပမှ ဆီအုန်းမျိုးစေ့ တင်သွင်းရမှုကို လျော့ကျသွားစေပြီး နိုင်ငံခြားငွေသုံးစွဲရမှုကို သက်သာစေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်း၌ ဆီအုန်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန် မဖြစ်မနေလိုအပ်နေပြီ ဖြစ်ပါသည်။

စပ်မျိုးစေ့များကိုသာ မျိုးအဖြစ် အသုံးပြုစိုက်ပျိုး

စီးပွားဖြစ်စိုက်ပျိုးသော ဆီအုန်းမျိုးစေ့များသည် ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။

မိခင်မျိုးများ ရွေးချယ်မွေးမြူရာတွင် ပြည်ပမှ တင်သွင်းစိုက်ပျိုးထားသော ဆီအုန်းမျိုးအပင်များထဲမှ အသီးခိုင်အထွက်နှုန်း အကောင်းဆုံးအပင်များကိုရွေးချယ်ကာ ဝတ်မှုန်ကူးခြင်းပြုလုပ်ပြီး မိခင်မျိုးလိုင်း(ဒူရာ)ပင်၊ ဖခင်မျိုးလိုင်း(ပက်ဆီဖာရာ)ပင်များရရှိရန် ရွေးချယ်ထုတ်လုပ်ရပါသည်။ ယင်း ထုတ်လုပ်ရရှိသော ဒုတိယသားဆက် မိခင်မျိုးလိုင်း(ဒူရာ)ပင်များ၊ ဖခင်မျိုးလိုင်း(ပက်ဆီဖာရာ)ပင်များ ပွားများခြင်းနှင့် ဗီဇည့်မှုများမရှိစေရန် အတွဲအမျိုးမျိုးဖြင့် မျိုးစပ်ပြီး ရရှိသောစပ်မျိုးအတွဲများ(Genetic Crosses)အား တတိယသားဆက်များ ရရှိအောင်စမ်းသပ်ကွက်များကို နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (ဟတ်စဒင်း) တွင် စိုက်ပျိုးထားရှိပြီးဖြစ်ပါသည်။

ဆီအုန်းစပ်မျိုးစေ့များ ထုတ်လုပ်နိုင်သည့် အခြေအနေတွင်ရှိ

မြန်မာနိုင်ငံ၌ ဆီအုန်းမျိုးရိုးဗီဇများ (Germplasm) လုံလောက်စွာ မရှိသေးသော်လည်း လက်ရှိအနေအထားဖြင့် ဆီအုန်းစပ်မျိုးစေ့များ ထုတ်လုပ်နိုင်သည့် အခြေအနေတွင် ရှိနေပြီးဖြစ်ပါသည်။ ပြည်တွင်းတွင် လိုအပ်သော ဆီအုန်းမျိုးစေ့များ ထုတ်လုပ်သွားခြင်းအားဖြင့် ဆီအုန်းစိုက်ပျိုးရေး အခန်းကဏ္ဍသည်လည်း ပိုမိုအဆင့်မြင့်သည်ထက် မြင့်လာမည် ဖြစ်ပါသည်။

စီးပွားဖြစ်စိုက်ပျိုးသော ဆီအုန်းစပ်မျိုး (တင်နရာ) ထုတ်လုပ်ရရှိရန် (ဒူရာ) မိခင်ပင်နှင့် (ပက်ဆီဖာရာ) ဖခင်ပင်များကို ရွေးချယ်ရန် လိုအပ်ပါသည်။ ဒူရာမိခင်ပင် ရွေးချယ်ရာတွင် အသီးခိုင်အထွက်နှုန်းကိုအခြေခံထားပါသည်။ တစ်ပင်ချင်း ရွေးချယ်ခြင်း၊ အပင်အုပ်စုအလိုက် ရွေးချယ်ခြင်း နှစ်မျိုးစလုံးဆောင်ရွက်ရပါသည်။ အထွက်နှုန်းအကောင်းဆုံးအုပ်စုထဲမှ အထွက်နှုန်းအကောင်းဆုံး အပင်ကိုရွေးချယ်ရာတွင် တစ်နှစ်လျှင်တစ်ပင်မှ ဆီသီးခိုင်အထွက်များပြီး ပျမ်းမျှဆီသီးခိုင်အထွက်နှုန်း ၂၀၀ ကီလိုဂရမ်ကျော်သော အပင်များကို ရွေးချယ်ရပါသည်။

ဆီအုန်းစပ်မျိုးထုတ်လုပ်ရာတွင် အဓိကအရေးကြီးဆုံးမှာ ဖခင်မျိုးပင် (ပက်ဆီဖာရာ) ဖြစ်ပါသည်။ (ပက်ဆီဖာရာ)ဖခင်ပင်များသည် ပန်းခိုင်အထွက်များသော်လည်း အသီးတင်နှုန်း နည်းပါးပါသည်။ ထို့ကြောင့် မိခင်၊ ဖခင်စပ်မျိုးတူ အထွက်နှုန်းကောင်းသော တင်နရာပင်ကို အခြေခံ၍ အဖိုပန်းခိုင် အစိမပန်းခိုင် အချိုး (Sex Ratio) ရာခိုင်နှုန်းကောင်းပြီး အပင်နိမ့်၍ မျိုးရိုးဗီဇယွန်သော ဖခင်မျိုးပင် (ပက်ဆီဖာရာ)(Sterile Pisifera) အပင်များကို ဦးစားပေး ရွေးချယ်ရပါသည်။

မိခင်ပင်နှင့် ဖခင်ပင်များကို သတ်မှတ်ထားသည့် အရည်အသွေးအတိုင်း ရွေးချယ်ပြီးသောအခါ လူဖြင့် ဝတ်မှုန်ကူး မျိုးစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရပါသည်။ ဝတ်မှုန်ကူး မျိုးစပ်ရန်အတွက် ရွေးချယ်ထားသော (ပက်ဆီဖာရာ) ဖခင်မျိုးလိုင်းအပင်၏ အဖိုပန်းခိုင်များနှင့် (ဒူရာ) မိခင်မျိုးလိုင်းအပင်၏ အမပန်းခိုင်များကို ပန်းခိုင်ဖုံးများ ဖက္ခဲခင် ပန်းမပွင့်ခင် ခုနှစ်ရက်ခန့် ကြိုတင်ပြီး ပြင်ပမှဝတ်မှုန်များ မဝင်ရောက်နိုင်သော နှစ်ဖက်မြင်ရသည့် ၂၄" x ၁၈" အရွယ်ရှိ အိတ်ကို ဝတ်မှုန်စွပ်အိတ်များဖြင့် မှောက်၍စွပ်ပေးရပါသည်။

ဝတ်မှုန်စွပ်အိတ်များစွပ်ရာတွင် အမပန်းပွင့်များပေါ်သို့ မလိုလားအပ်သောဝတ်မှုန်များ မကျစေရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။ အဖိုပန်းပွင့်များ ပွင့်လာသောအခါ ပန်းခိုင်ကိုဖြတ်ယူပြီး ဝတ်မှုန်များကို ပလတ်စတစ်အိတ်အတွင်းသို့ ခါချရပါသည်။ ရရှိသောဝတ်မှုန်များကို ဆန်ခါဖြင့်စစ်၍ အမှိုက်များကို ဖယ်ရှားရပါသည်။ အမှိုက်စစ်ပြီး ဝတ်မှုန်ကို ၃၅-၄၀ ဒီဂရီစင်တီဂရိတ်တွင် ၂၄ နာရီ အခြောက်ခံပြီး ဖန်ဘူးအသေးများဖြင့် လေလုံပိတ်ကာ အအေးခန်း(ရေခဲသေတ္တာ)တွင် သိုလှောင်ထားရပါသည်။

အိတ်စွပ်ထားသော အမပန်းခိုင်များ ပန်းပွင့်လာသောအခါ ယင်းပန်းပွင့်များပေါ်သို့ အဖိုဝတ်မှုန်များကို ကူးပေးပါသည်။ ဝတ်မှုန်ကူးရာတွင် လေညှင်းဘူးများကိုအသုံးပြုပြီး လေညှင်းအားဖြင့် မှုတ်ထုတ်ခြင်းဖြစ်ပါသည်။ ဝတ်မှုန်မကူးမီ အိတ်ကို ဖော်မလင်ဖြင့် ဖျန်းပေးရပါသည်။ အသုံးပြုသည့် ကိရိယာအားလုံးကိုလည်း ပိုးသန့်ရပါသည်။ ဝတ်မှုန်ကို နေရာအနှံ့ရောက်အောင် တိတ်အကြည်စကိုခွာ၍ အပေါက်မှ ဝတ်မှုန်ဖြူးပေးရပါသည်။ ဝတ်မှုန်ကူးရာတွင်လတ်ဆတ်သည့် ဝတ်မှုန်များကိုသာ အသုံးပြုရပါသည်။ တစ်လထက်ကျော်ပြီး သိုလှောင်ထားပါက ဝတ်မှုန်များ၏ အောင်မြင်မှုရာခိုင်နှုန်း အနည်းငယ်ကျဆင်းပါသည်။ ဝတ်မှုန်ကူးခြင်းကို နံနက်ပိုင်းတွင်ပြုလုပ်ပြီး အသီးတင်နှုန်းကောင်းစေရန် အမပန်းခိုင်တစ်ခိုင်ပေါ်တွင် သုံးရက်ဆက်တိုက် ဝတ်မှုန်ခံ ပန်းရောင်အားလုံးဖြစ်သည်အထိ ဝတ်မှုန်ကူးရပါသည်။

ဝတ်မှုန်ကူးပြီး တစ်လခန့်ကြာသောအခါ အမပန်းခိုင်အား စွပ်ထားသောအိတ်များကို ဖြုတ်ပေးပါသည်။ ဝတ်မှုန်ကူးပြီး ငါး-ခြောက်လကြာသောအခါတွင် ရင့်မှည့်သော ဆီသီးခိုင်များကို ခုတ်သိမ်းရပါသည်။ ဆီသီးခိုင်မှ အသီးများကိုခွေယူပြီး အခွံခွါရပါသည်။ အခွံခွာရာတွင် အသီးများကို ရေသန့်သန့်ဖြင့် ခုနှစ် ရက်စိမ်ပြီး နေ့စဉ်ရေလဲကာ အခွံခွာရပါသည်။ အခွံခွာပြီးမျိုးစေ့ကို ရေစင်ကြယ်စွာဆေးပြီး မို့သတ်ဆေးစိမ်ကာ အရိပ်တွင် လေသလပ်ပြီးထားရပါသည်။ အစိုဓာတ်ကို ၁၈ ရာခိုင်နှုန်းထက် မလျော့အောင် လေသလပ်ခံထားရပါသည်။

အဆင့်ဆင့် ဆီအုန်းစပ်မျိုးစေ့များ ထုတ်ယူကာ အပင်ဖောက်ခြင်း၊ အကြိုပျိုးခင်းနှင့် ပျိုးခင်းကြီး တည်ထောင်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရပါသည်။ ထို့နောက် အကောင်းဆုံး ပျိုးပင်များ ရွေးချယ်စိုက်ပျိုးသွားခြင်းအားဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်သော ဆီအုန်းစိုက်ခင်းများ ရရှိလာမည်ဖြစ်ပါကြောင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သော တောင်သူဦးကြီးများနှင့် ပြည်သူများအား နည်းပညာပေးတင်ပြလိုက်ရပါသည်။ ။

“စီးပွားဖြစ်စိုက်ပျိုးသော ဆီအုန်းစပ်မျိုး (တင်နရာ) ထုတ်လုပ်ရရှိရန် (ဒူရာ) မိခင်ပင်နှင့် (ပက်ဆီဖာရာ) ဖခင်ပင်များကို ရွေးချယ်ရန်လိုအပ်ပါသည်။ ဒူရာမိခင်ပင် ရွေးချယ်ရာတွင် အသီးခိုင်အထွက်နှုန်းကိုအခြေခံထားပါသည်။ တစ်ပင်ချင်း ရွေးချယ်ခြင်း၊ အပင်အုပ်စုအလိုက် ရွေးချယ်ခြင်း နှစ်မျိုးစလုံးဆောင်ရွက်ရပါသည်။ အထွက်နှုန်းအကောင်းဆုံးအုပ်စုထဲမှ အထွက်နှုန်းအကောင်းဆုံး အပင်ကိုရွေးချယ်ရာတွင် တစ်နှစ်လျှင်တစ်ပင်မှ ဆီသီးခိုင်အထွက်များပြီး ပျမ်းမျှဆီသီးခိုင်အထွက်နှုန်း ၂၀၀ ကီလိုဂရမ်ကျော်သော အပင်များကို ရွေးချယ်ရ”

တနသံ်ာရီတိုင်းဒေသကြီးတွင် **“တနသံ်ာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီး ဖြစ်ရမည်”** ဟု ရည်မှန်းချက်ထားပြီး ကောငါးသိန်း တိုးချဲ့စိုက်ပျိုးရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ ဆီအုန်းစိုက်ကေများ တိုးတက်လာခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆီအုန်း ၃၉၆၈၆၅ ကေ စိုက်ပျိုးထားရှိပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းစတင်စဉ်ကာလများတွင် ပြည်တွင်း၌ ဆီအုန်းစပ်မျိုးစေ့များ ထုတ်လုပ်နိုင်မှုမရှိသေး၍ ဆီအုန်းမျိုးစေ့များကို မလေးရှား၊ ကော်စတာရီကာ၊ နိုင်ဂျီးရီးယား စသည့် နိုင်ငံများမှ စေ့ငုံကြီးပေး၍ ဝယ်ယူတင်သွင်း စိုက်ပျိုးနေရသဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်မှုကို နှောင့်နှေးစေခဲ့ပါသည်။

ထို့ပြင် ဝယ်ယူတင်သွင်းသော ဆီအုန်းမျိုးစေ့ ရွေးချယ်မွေးမြူထားသော မိခင်မျိုးပင် ဒူရာ(Dura) နှင့် ဖခင်မျိုးပင် ပက်ဆီဖာရာ(Pisifera) တို့အား မျိုးစပ်ပေး၍ ရရှိသော စပ်မျိုးစေ့ (F1) တင်နရာ (Tenera) မျိုးစေ့များဖြစ်ပြီး အဆိုပါစပ်မျိုးစေ့များကိုသာ မျိုးအဖြစ် အသုံးပြုစိုက်ပျိုးရပါသည်။ စိုက်ကွက်ထဲမှ ရရှိသော ဆီအုန်းအသီးမှ ရရှိသည့် အစေ့များကို မျိုးအဖြစ် ပြန်လည်အသုံးပြု၍မရပါ။

မြန်မာနိုင်ငံ၏ ရေခြေသဘာဝ ရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသော ပြည်တွင်း ဆီအုန်းစပ်မျိုးများရရှိရေးအတွက် ကော့သောင်းခရိုင်ရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(ဟတ်စဒင်း)တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစ၍ ဆီအုန်းမျိုးစေ့ဌာ တည်ထောင်ကာ ဆီအုန်းမိခင်မျိုးလိုင်းနှင့် ဖခင်မျိုးလိုင်းများ ရွေးချယ်ခြင်း၊ ဆီအုန်းမျိုးစပ်ခြင်းနှင့် စပ်မျိုးသစ်ထုတ်လုပ်

မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနား တက်ရောက်

ပေါင် မေ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၆ ရက်က ပေါင်မြို့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံ ကျောင်းဝတ်စုံများ ပေးအပ်သည်။

ထို့နောက် ပေါင်မြို့နယ် မုတ္တမ-ကျွဲခြံကျေးရွာရှိ အိမ်ထောင်စု ၅၀ ကို အိမ်ခြံဥယျာဉ်စိုက်ပျိုးနည်းစနစ်(Home Garden) ဆောင်ရွက်နိုင်ရန် သီးနှံမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် အိမ်ထောင်စုများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ကာ အိမ်ခြံဥယျာဉ်စိုက်တောင်သူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပေါင်မြို့နယ် မုတ္တမ (ကျွဲခြံ)အုပ်စု ကျိုက်ပွန်ကျေးရွာ ဦးစိန်သန်း၏ ကြက်၊ ဝက် မွေးမြူရေးခြံသို့ သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက(၈) ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက ကျောင်းအပ်နှံရေးပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ပေးအပ်သည့် ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်များနှင့် ခဲတံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၈

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင်ပိတ်ရက်မရှိ သတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုအားပေး

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်အလိုက် ကျောင်းအပ်နှံမှုနှင့် ကျောင်းအပ်လက်ခံနေမှုများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက်ပိုင်းက အထက(၁)၌ ကျင်းပရာ တာဝန်ရှိသူများက နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် သင်ထောက်ကူပစ္စည်းများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

ဝေါမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ဝေါ မေ ၂၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(ဝေါ) သီရိဇေယျာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမောက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်အစိုးရမှ အခမဲ့ပေးအပ်သော မူလတန်းကျောင်းဝတ်စုံ၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ကျောင်းကုန်း မေ ၂၈

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို အထက(၁)မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ အခမဲ့ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် မူလတန်းအဆင့်ကျောင်းဝတ်စုံများအား ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကော့မှူးမြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

ကော့မှူး မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(ကော့မှူး) နှင်းဆီခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (ကော့မှူး)မှ ကျောင်းသား ကျောင်းသူများက "ကျောင်းအပ်ကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအောင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှအခမဲ့ပေးအပ်သည့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

ထိုင်းနှင့် ဗီယက်နမ် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများတားဆီးရန် ပူးပေါင်းဆောင်ရွက်မှုအပေါ် သဘောတူ

ဘန်ကောက် မေ ၂၈

ထိုင်းဝန်ကြီးချုပ် အနုတင် ချာဝီရာကူးလ်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ တိုလမ်တို့ ဘန်ကောက်မြို့၌ ယနေ့တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံ လုံခြုံရေးနှင့် စီးပွားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုများကဲ့သို့သော နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို တားဆီးရန် ပူးပေါင်းဆောင်ရွက်မှုနှင့်ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်လည်း ၎င်းတို့က သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံစလုံးက အရှေ့အလယ်ပိုင်းမှ ရေနံတင်သွင်းမှုအပေါ် မှီခိုအားထားရသည့် စွမ်းအင်လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ခေါင်းဆောင်များက ဆွေးနွေးခဲ့သည်။

လက်ရှိကမ္ဘာ့စီးပွားရေး အခြေအနေ မတည်ငြိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ထိုင်းနှင့် ဗီယက်နမ်တို့ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထိုင်းဝန်ကြီးချုပ် အနုတင်က ပြောကြားသည်။

ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြီး နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတားဆီးရေး ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ တိုလမ်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား လေကြောင်း လမ်းကြောင်း သစ်များ ဖန်တီးနိုင်ရန် ရည်ရွယ်ပြီး ထိုင်းခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့က ဗီယက်နမ်လေကြောင်း လိုင်းနှင့် နှစ်နိုင်ငံ ခရီးသွားကဏ္ဍဖြင့်တင်ရန် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အရှေ့တောင်အာရှ၏ ခရီးသွားလုပ်ငန်းများ အပြင်းအထန် ထိခိုက်ခဲ့သည်။ အထူးသဖြင့် အမေရိကန်နှင့် ဥရောပမှ ခရီးသွားဦးရေ ကျဆင်းလာခြင်းကြောင့် အရှေ့တောင်အာရှ လေကြောင်းလိုင်းများအပေါ် သက်ရောက်မှု အများအပြား ရှိခဲ့သည်။

ကိုးကား - အင်နံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးနှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာတို့ နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေး

တိုကျို မေ ၂၈

ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးနှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာတို့ မေ ၂၈ ရက်တွင် တိုကျိုမြို့၌ တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံ ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

ဂျပန်နှင့် ဖိလစ်ပိုင် နှစ်နိုင်ငံ အနေဖြင့် ခေတ်စီလွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို - ပစိဖိတ် မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန် ယခင်ကထက် ပိုမိုအရေးကြီးကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုသည် လုံခြုံရေးနှင့် စီးပွားရေး အပါအဝင် နယ်ပယ်များစွာတွင် တိုးတက်နေသော ကြောင့် ဖိလစ်ပိုင်သည် ဂျပန်နိုင်ငံ၏ အနီးကပ်ဆုံး မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ ခေါင်းဆောင်များက ကျယ်ပြန့်သော နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ရည်ရွယ်သည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံ ကာကွယ်ရေး ဆိုင်ရာ အချက်အလက်များကို ချက်ချင်းမျှဝေသုံးစွဲနိုင်စေမည့် သဘောတူညီချက်တစ်ခုအတွက် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

ကိုးကား - အင်နံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ယူဂန်ဒါနိုင်ငံ၌ အီဘိုလာရောဂါထိန်းချုပ်ရေးအတွက် လူစုလူဝေးပြုလုပ်ခြင်းကို တားမြစ်

ကန်ပါလာ မေ ၂၈

ယူဂန်ဒါနိုင်ငံတွင် အီဘိုလာရောဂါ ကူးစက်မှုကို ထိန်းချုပ်သည့်အနေဖြင့် လူစုလူဝေးပြုလုပ်ခြင်းအား တားမြစ်ခဲ့ကြောင်း သိရသည်။

လူအများအပြား တက်ရောက်သည့် ယဉ်ကျေးမှုပွဲတော်အခမ်းအနားများ၊ လူစုလူဝေးများ၊ ဓာရသွန်ပြိုင်ပွဲများနှင့် နယ်စပ်ဖြတ်ကျော်ကျင်းပသည့် ဈေးရောင်းပွဲတော်များပြုလုပ်ခြင်းကို တားမြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါအခမ်းအနားများတွင် ဒေသခံအချင်းချင်း ထိတွေ့မှုများ ရှိခြင်းနှင့် လူစုလူဝေးများကြောင့် ရောဂါကူးစက်လွယ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ရှိကြောင်း သိရသည်။ သို့ရာတွင် နိုင်ငံအတွင်းရှိ မဖြစ်မနေကျင်းပရသည့် အခမ်းအနားအချို့ကို အီဘိုလာရောဂါ ထိန်းချုပ်ရေး စည်းမျဉ်းများအရ ဆောင်ရွက်ခဲ့သည်။

စည်းမျဉ်းများအရ အခမ်းအနားသို့တက်ရောက်သည့် အရေအတွက် လျော့ချခြင်း၊ လက်ဆေးခြင်းနှင့် ကိုယ်အပူချိန် တိုင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရောဂါကူးစက်မှု ဖြစ်နိုင်ခြေများသည့်နေရာများနှင့် နယ်စပ်ဒေသများတွင် အီဘိုလာရောဂါ ထိန်းချုပ်ရေး စည်းမျဉ်းများကို စနစ်ကျစွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဂျပန်နှင့် တရုတ် မော်တော်ကားကုမ္ပဏီများက အသေးစား လျှပ်စစ်ကားအမျိုးအစားတစ်မျိုး ထုတ်လုပ်ရန် ပူးပေါင်းဆောင်ရွက်

တိုကျို မေ ၂၈

ဂျပန်နှင့် တရုတ် မော်တော်ကား ကုမ္ပဏီများက လာမည့်နှစ်အတွင်း ဂျပန်ဈေးကွက်တွင် အသေးစား လျှပ်စစ်ကားအမျိုးအစား တစ်မျိုးကို စတင်ထုတ်လုပ်ရောင်းချရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းလျက်ရှိသည့် ကုမ္ပဏီငါးခုတွင် တရုတ်နိုင်ငံမှ Chery Automobile နှင့် ဂျပန်မော်တော်ကား အစိတ်အပိုင်းလက်လီရောင်းချသည့်ကုမ္ပဏီ Autobacs Seven တို့ ပါဝင်သည်။

ထုတ်လုပ်မည့် အသေးစား လျှပ်စစ်ကား၏ ပထမမော်ဒယ်သည် တရုတ်ကားကုမ္ပဏီ Chery Automobile ၏နည်းပညာကို အသုံးပြု၍ ယာဉ်မောင်းအား အကူအညီပေးသည့် လုပ်ဆောင်ချက်များ ပါဝင်လာမည်ဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်များကို တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ဂျပန်ဈေးကွက်တွင် ရောင်းချရန်အတွက် ဂျပန်ကားကုမ္ပဏီ Autobacs Seven က နိုင်ငံတစ်ဝန်းရှိ ၎င်း၏ကွန်ရက်များကို အသုံးပြုမည်ဖြစ်သည်။

အသေးစား လျှပ်စစ်ကားများ ဝယ်ယူသူများအတွက် ပြုပြင်

ထိန်းသိမ်းရေးဝန်ဆောင်မှုကိုလည်း ပေးမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံး မော်ဒယ်ကို လာမည့်နှစ်တွင် စတင်ထုတ်လုပ်မည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်တွင် မော်ဒယ် သုံးခုအထိ အဆင့်မြှင့် ထုတ်လုပ်ရန် စီစဉ်ထားသည်။

ကိုးကား - အင်နံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အီရန်အရေးတွင် စေ့စပ်ဆွေးနွေးခြင်းဖြင့် အောင်မြင်မှုရရှိမည်ဟု တရုတ်နိုင်ငံယုံကြည်

ပေကျင်း မေ ၂၈

အီရန်အရေးတွင် စေ့စပ်ဆွေးနွေးခြင်းဖြင့် အောင်မြင်မှုရရှိမည်ဟု တရုတ်နိုင်ငံက ယုံကြည်ပြီး အင်အားသုံးဖြေရှင်းခြင်းဖြင့် အဖြေမရရှိနိုင်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာအိုနင်က ပြောကြားသည်။

အီရန်နှင့် အမေရိကန်ကြား သဘောတူညီချက်ရရှိရန် နီးကပ်လာသည့် အခြေအနေနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းရာ၌ ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် စေ့စပ်ဆွေးနွေးရေး လမ်းကြောင်း ဖွင့်ထားသည့် အချိန်ဖြစ်ရာ တင်းမာမှုများလျော့ချရေးအတွက် တာဝန်ရှိသူများက အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် အရေးကြီးပြီး နိုင်ငံရေးလမ်းကြောင်းဖြင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခြင်းဖြင့် အဖြေရှိနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြများနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

နေပြည်တော် မေ ၂၈

လေ့လာရေးခရီး သွားရောက်ခဲ့ကြသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြများနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုငွေများပေးအပ်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မင်းလှမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

မင်းလှ မေ ၂၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးမှူးဒေါ်နွယ်နီဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးသန့်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည့်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးဒေါ်နှင်းယုခိုင်က ၂၀၂၆ ခုနှစ် ပြည်ထောင်စုဓာတ်အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာသိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး အခွန်အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

ဒုတိယဝန်ကြီး ဦးမျိုးမြင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ရာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

ဆောက်လုပ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက PFI စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် သုခဒဂုံပြည်သူ့အငှား အိမ်ရာ စီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်း(ပထမအဆင့်) လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၉၄ လုံး၊ အခန်းပေါင်း ၃၁၀၄ ခန်း ဆောက်လုပ်ပြီးဖြစ်၍ ပြည်သူများ ငှားရမ်းနေထိုင်လျက်ရှိကြောင်း၊ အဆိုပါ အဆောက်အအုံ ၁၉၄လုံးတွင် မြေညီထပ်ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ထပ်တိုးလာမည့် အခန်းပေါင်း ဂုဂ၆ ခန်းကို ပြည်သူများအတွက် ထပ်မံနေထိုင် အသုံးပြုသွားနိုင်မည် ဖြစ်သဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသား ကင်ဆာရောဂါကုသရေးဆေးရုံဝင်းအတွင်း အရာထမ်း၊ အမှုထမ်းများ နေထိုင်နိုင်ရန် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆေးရုံဝင်းအတွင်း ခြံစည်းရိုးကာရံခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် သစ်တောဦးစီးဌာနက ကြိုးမှုံ၍ မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ခရမ်းမြို့ အမှတ် (၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရမ်းမြို့နယ် သစ်တောဦးစီးဌာနမှ နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးစိန်မောင်က ဇီဝမှုန်စုံမှုန်ကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် သစ်တောများ၏အရေးပါမှု၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ၊ သစ်တောထိန်းသိမ်းရေးအကြောင်းများအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ လေ့လာရေးများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၈

အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ရန်ကုန်မြို့အတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေတပ်စခန်းဌာနချုပ်များသို့ သွားရောက်လေ့လာခြင်းနှင့် စစ်ရေယာဉ်လိုက်ပါစီးနင်းခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ သန်လျင်မြို့ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် လေကြောင်းလူငယ်သင်တန်းသားများသည် တပ်မတော်(ရေ) Documentary အား ကြည့်ရှုပြီး ရေကြောင်းပြခန်းနှင့် ကွန်ပျူတာခန်းတို့အားလည်းကောင်း၊ သမိုင်းဝင်စစ်ရေယာဉ်–မေယုအားလည်းကောင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် မွန်းလွဲပိုင်းတွင် စစ်ရေယာဉ် (အောင်ဇေယျ)နှင့် စစ်ရေယာဉ်(ကျန်စစ်သား)တို့အား လိုက်ပါစီးနင်း၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေး ဆောင်ရွက်ခြင်းနှင့် စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေး ဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များနှင့် ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ပါဝင်စားစွာ လေ့လာကြသည်။

ဆက်လက်၍ နယ်မြေခံရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လည်းကောင်း၊ ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံများသို့ လည်းကောင်း၊ လွန်းတင်ရေယာဉ်များ၏ လုပ်ငန်းခွင်များသို့ လည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ကျိုက်ထို မေ ၂၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်သော ကော့စိန်ုင်ရပ်ကွက် ပြည်တော်သာလမ်းသွယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တောင်သူစုရပ်ကွက် အောင်သီရိမြို့(၂) လမ်းကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ကံ့ကော်ရပ်ကွက်၊ ကော့စိန်ုင်ရပ်ကွက်၊ ဖက္ကလိပ်ကျေးရွာများရှိ လမ်းဆုံနေရာများတွင် ကွန်ကရစ်ဖြည့်ခြင်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအား ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင့်လွင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်တို့က ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၈

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချ လုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကို အသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကို အဆောက်အအုံအမျိုးအစား အလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချ ဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံး အနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများ အသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၁၂ လုံး အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် မြန်မာနိုင်ငံသား ၂၈ ဦးအား လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေး ပူးပေါင်းအဖွဲ့များက မူဆယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့မွန်းလွဲ ၃ နာရီခွဲ ခန့်တွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် နေအိမ်တစ်လုံးအား ဝင်ရောက် ရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ၂၁ ဦးတို့အား အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၉၆ လုံး၊ All In One ကွန်ပျူတာ ၃၅လုံး၊ Laptop တစ်လုံး၊ Power Station (အကြီး) တစ်လုံး၊ Power Station (အသေး) တစ်လုံး၊ WiFi စက်သုံးလုံး၊ ဘဏ္ဍာရေးဆိုင်ရာကယ်ငါးစီးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် လုပ်ငန်းနေရာအား တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများနှင့် ပြစ်မှု ကျူးလွန်သူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲပဒေသများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချ လုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား သုံးဦးနှင့် အမျိုးသမီး ၂၀ တို့အား ဖမ်းဆီးရမိစဉ်။

မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးရမိစဉ်။

မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် နေရာမှ သိမ်းဆည်းရရှိသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

မြစ်ကြီးနားမြို့ မဂ္ဂယ်ခန်းမ၌ နိုင်ငံတကာရိုးရာအကပြိုင်ပွဲ ကျင်းပ

မြစ်ကြီးနား မေ ၂၈

၂၀၂၆ ခုနှစ် မြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် အမျိုးသမီး ဖူဆယ်ဘောလုံးအသင်းဖွဲ့စည်းနိုင်ရေးအတွက် ကချင်ပြည်နယ် အမျိုးသမီးဖူဆယ် အားကစားသမားများ အနက် ပဏာမ ရွေးချယ်ထားသော ဘောလုံးအသင်းနှင့် ပြည်နယ် အကြီးတန်း ဖူဆယ်အမျိုးသမီး ဘောလုံးအသင်းနှင့် ခြေစမ်း ကစားပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ ဖူဆယ်အားကစားရုံ၌ ကျင်းပ ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက် ကြည့်ရှုအားပေးပြီး ဘောလုံး အသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း အတွင်းရှိ မဂ္ဂယ်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ လူငယ်များ မိတ်သဟာယအသင်း (IYF) က ကြီးမှူးကျင်းပသည့် Azalea Stars အကအဖွဲ့၏ နိုင်ငံတကာ ရိုးရာအကပြိုင်ပွဲ (2026 Cultural Dance Competition) သို့ တက်ရောက်ကြည့်ရှုအားပေး ပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဆွတ်ဝိုင်တောင် စခန်း၌ ဖားကန့်မြို့နယ် ရှရော်ခ၊ မနား၊ ဆိုင်းဂျာဘွမ်၊ ဆွတ်ရာ၊ မျောက်ဖြူကျေးရွာတို့နှင့် အကြေ ကျေးရွာတို့မှ လာရောက်ခိုလှုံ နေထိုင်သော အိမ်ထောင်စုများ အား သွားရောက်တွေ့ဆုံပြီး အိမ်ထောင်စု ၁၂၁ စုတို့အတွက် ဆန် ၂၄ ပြည်အိတ် ၇၀ နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မကွေးမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မကွေး မေ ၂၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို မေ ၂၇ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးသည် လွင်မြတ်ကန်ကျေးရွာအုပ်စု ကန်သစ်ကျေးရွာ လုပ်ငန်းခွင်သို့ တာဝန်ရှိသူများနှင့် သွားရောက်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးနှင့် မကွေးမြို့နယ် ဦးစီးအရာရှိ (မြို့ပြ)တို့က မကွေး-ရေနံချောင်းလမ်းမ ကန်သစ်ကျေးရွာလမ်းပေါ်၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ရေကျော် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၆ သန်းဖြင့် ကျောက်ကြီးစီ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်းတည်ဆောက်နေမှုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ကြီးစီ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert တစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အင်ဂျင် နီယာချုပ် ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေး လမ်း/တံတားလုပ်ငန်းများကို မေ ၁ ရက် မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မောင်ခိုင်မင်း (ပြန်/ဆက်)

လဲချားမြို့နယ်၌ မြို့မဈေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

လဲချား မေ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ယနေ့မွန်းလွဲ ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီး

ဌာနမှ မြို့မဈေး သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် အရပ်ရပ်ဆိုင်ရာသင်းလုံးကျွတ်အစည်းအဝေးကို အသင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမျိုးဆွေက အမှာစကားပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အသင်းဥပဒေကို ပြင်ဆင် သည့် ဥပဒေအရ အသင်းစည်းကမ်းအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းအုပ်ချုပ်မှုဒါရိုက်တာက အသင်းလုပ်ငန်းများအား ရှင်းလင်းပြီး လစ်လပ်သွားသောအမှုဆောင်နှစ်ဦးနေရာအား အသင်း သားများမှ ရွေးချယ်တင်မြှောက်ခဲ့ကာ အသင်းသားများသို့ စုဆောင်းငွေ အပေါ် အတိုးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်မှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်မှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တောင်ငူ	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၅၀	၄၇၂၈	၄၆၈၅	၄၈၆၅	၄၇၂၀	၄၇၃၄	၄၇၀၅	၄၆၆၀	၄၇၇၅	၅၀၀၀	၄၆၆၀	၄၇၀၅	၄၇၆၀	၄၇၁၀	၄၇၂၄	၄၉၄၀
95 Ron	၄၆၂၀	၄၇၉၅	၄၇၄၀	၄၆၉၅	၄၇၉၅	၄၈၀၀	၄၈၅၀	၄၇၀၅	၄၈၄၀	၅၀၂၀	၄၇၉၅	၄၈၉၅	၄၇၉၀	၄၇၉၅	၄၇၉၅	၅၀၀၅
HSD (500 ppm)	၄၆၉၅	၄၇၆၅	၄၇၀၅	၄၆၆၀	၄၇၃၀	၄၈၀၀	၄၆၆၀		၄၇၆၅	၄၇၀၀	၄၅၆၀	၄၇၆၅	၄၇၆၀	၄၇၆၅	၄၇၆၅	၄၉၆၅
HSD (50 ppm)	၄၆၆၀	၄၇၂၈	၄၆၆၅	၄၆၆၅	၄၇၂၅	၄၇၄၀	၄၇၀၀	၄၆၆၀	၄၇၀၀	၄၆၀၀	၄၆၆၅	၄၇၀၅	၄၇၃၀	၄၇၂၅	၄၇၂၅	၄၉၄၀
HSD (10 ppm)	၄၆၆၀	၄၇၂၈	၄၆၆၅	၄၆၆၅	၄၇၂၅	၄၇၄၀	၄၆၆၀		၄၆၀၀	၄၆၆၅	၄၇၀၅	၄၇၆၀	၄၇၀၅	၄၇၂၀	၄၇၂၅	၄၉၄၀

ကျပ်/လီတာ

Fuel (ဝေါက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၆	၄၃၀၆
95 Ron	၄၃၈၀	၄၃၇၀
HSD (500 ppm)	၄၃၇၄	၄၃၉၁
HSD (50 ppm)	၅၂၊၂၀၇	၅၂၄၊၂၂
HSD (10 ppm)	၅၂၊၂၀၇	၅၂၄၊၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

